# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသို့ အထူးအစီအစဉ် အသိပေးတင်ပြချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့်မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် **၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)** အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ကြောင်း ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် (၄၅) မြို့နယ်တွင် ကိုကိုးကျွန်းမြို့နယ်မှအပ ကျန်(၄၄)မြို့နယ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအရ **Stay at Home အစီအစဉ်တွင်အကျုံးဝင်သောမြို့နယ်များ**တွင် ပါဝင်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာလည်း မြင့်တက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ရောဂါကူးစက်မှုထိန်းချုပ်နိုင်စေရေး ပြည်သူများအားနေအိမ်တွင်သာနေထိုင်စေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အရေးကြီးကိစ္စရပ်များမှအပ အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှထွက်ခွာသွားလာမှုများအား တားမြစ်ကန့်သတ်ထားသည့်ကာလလည်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် ၄-၉-၂၀၂၀ ရက်နေ့အထိပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်း နှင့် Mobile Application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားရှိပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မဲဆန္ဒရှင်စာရင်းလာရောက်ကြည့်ရှုရာတွင် အခက်အခဲများရှိနိုင်သဖြင့် ၂၆-၉-၂၀၂၀ ရက်နေ့အထိပြုစု ထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော http://bit.ly/yangon-votersတွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အထူးအစီအစဉ်တစ်ရပ်အဖြစ် စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ပါသည်။

၅။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် အမည် မပါဝင်ခြင်း၊ အချက်အလက်များပြင်ဆင်လိုခြင်းနှင့် ကန့်ကွက်လိုခြင်းများရှိပါက အောက်ပါနည်းလမ်းများဖြင့် ဆက်သွယ်လျှောက်ထား အကူအညီရယူ နိုင်ကြမည်ဖြစ်ပါသည်-

(က) Web Application တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် ဆက်သွယ်ဆောင်ရွက်ရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူ (၂) ဦး၏ တယ်လီဖုန်းအမှတ်များအား ဖော်ပြပေးထားမည် ဖြစ်ပြီး အဆိုပါ ပုဂ္ဂိုလ်များ၏ အကူအညီကိုရယူ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ခ) လူကိုယ်တိုင်သွားရောက် လျှောက်ထားရန်အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် လျှောက်ထားရမည့် ပုံစံများရယူနိုင်ရန် Web Application တွင် ဖော်ပြထားရှိပေးမည်ဖြစ်ပြီး ဓာတ်ပုံရိုက်ကူး၍ တင်ပြလျှောက်ထားနိုင်ရန် စီစဉ်ဆောင်ရွက် ပေးထားမည် ဖြစ်ပါသည်။

(ဂ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင်လည်း လူကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလွှဲအပ်ခံရသူ သို့မဟုတ် ရပ်ကွက်နေ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦး၏ အကူအညီဖြင့် သော်လည်းကောင်း လာရောက်လျှောက်ထားဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ပါသည်။

၆။ Web Application အသုံးပြု၍ မဲစာရင်းရှာဖွေခြင်းနှင့် ပုံစံများ လျှောက်ထားရန် ဆက်သွယ်ဆောင်ရွက်ရမည့် ရှင်းလင်းချက်များအား Web Application နှင့် Facebook စာမျက်နှာတို့တွင် ရှင်းလင်းတင်ပြပေးထားမည်ဖြစ်ပါကြောင်းအသိပေးတင်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်